# BURMESE BIBLE SCHOOL
# မြန်မာကျမ်းစာကျောင်း

နေ့စွဲ။ ၁၁/၁၈/၂၀၀၉
စာအမှတ်။ မကက–၁

သို့ –

ဓမ္မအမှုတော်ဆောင်လုပ်ဖော်ဆောင်ဖက်များနှင့်အသင်းတော်ယုံကြည်သူများခင်ဗျား။

ခရစ်တော်၏နာမတော်မြတ်၌ နှုတ်ခွန်းဆက်သပါ၏၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ခံစားလျှက် ဓမ္မအမှုတော်မြတ်တွင်ထိရောက်စွာပါဝင်နိုင်ကြမည်ဟု ယုံကြည်ပါသည်၊ အမေရိကန်နိုင်ငံနှင့် ကမ္ဘာ တစ်ဝှမ်းတွင်အခြေအနေအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်သောမြန်မာနိုင်ငံသားများစွာရှိကြောင်းကိုသိရှိပြီး ဖြစ်ပါသည်၊ ဒုက္ခမျိုးစုံကြုံနေသော ခရစ်ယာန်ယုံကြည်သူများ၏ အသက်သာကို သာသနာပြုသောသူများ အဖြစ်၎င်း၊ ကြံ့ခိုင်သောခေါင်းဆောင်ကောင်းများပေါ်ထွန်းစေခြင်းငှါ၎င်း၊ ဘုရားသခင်၏ ဧဝံဂေလိသတင်း ကောင်းကို စွမ်းစွမ်းတမံ အသင်းတော်ယုံကြည်သူများအားဖြင့် လူမျိုးတကာထံသို့ ဟောပြောသက်သေ ခံစေလိုပါကြောင်းထင်ရှားနေပါသည်၊

ထို့ကြောင့်ဘုရားသခင်သည် မြန်မာကျမ်းစာသင်ကျောင်းအားဖြင့် ထိုမဟာစေစားချက်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အနေဖြင့်ပါဝင်ခွင့်ကို ခရစ်တော်၏ သာသနာအဖွဲ့အစည်း (M F C) အားဖြင့် ။ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ စုပေါင်းပါဝင်ခြင်းနှင့် ဝေစလျှံ အသင်းတော်တို့၏ အင်တိုက်အားတိုက် ပါဝင် ဆက်ကပ်ခြင်းဖြင့် ယခုအချိန်တွင်သင်တန်းသူ/သား ပေါင်း(၁၂) ယောက်ရှိပါသည်၊ မြန်မာကျမ်းစာကျောင်း အတွက် ဆုတောင်းပေးခြင်းအားဖြင့်၎င်း၊ အသင်းတော်မှ အနာဂတ်သာသနာပြုရန် ပြင်ဆင်နေသော ဓမ္မဆရာ/မများကို မွေးထုတ်ရန်အတွက် ငွေကြေးပမာဏအားဖြင့်ပံ့ပိုးခြင်းနှင့် ကျောင်းသူကျောင်းသား များကိုအသင်းတော်မှ မြန်မာကျမ်းစာ ကျောင်းသို့ စေလွှတ်ခြင်းအားဖြင့် ပါဝင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ခရစ်တော်၏နိုင်ငံတော်အတွက်အမှုတော်မြတ်၌၊

ထွမ်းကျင့်ခိုင် EdD, PhD
သင်ကြားရေးမှူးနှင့်ကျောင်းအုပ်

2626 Court Street, Syracuse, NY 13206 burmeseschool@gmail.com www.missionforchrist.net/bbs 315-440-2419